# ကုလသမဂ္ဂ ဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်

The Special Rapporteur on the Rights of Indigenous Peoples (SRRIP)




(စီမံချက် နယ်မြေအတွင်း ကန့်သတ်ထုတ်ဝေသည်။)

## ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားအခွင့်အရေး ဆိုင်ရာ အထူးကိုယ်စားလှယ် ဆိုသည်မှာ

ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ် (SRRIP)သည် ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့်ပတ်သက်သည့် ကဏ္ဍအလိုက် လုပ်ပိုင်ခွင့်အာဏာများရရှိထားသည့် အမှီအခိုကင်းသည့် ကျွမ်းကျင်သူပညာရှင်ဖြစ်သည်။ SRRIP သည် ဌာနေတိုင်းရင်းသားများမှ ဖန်တီးထားသည့် ကုလသမဂ္ဂ ယန္တရားသုံးခုထဲမှ တစ်ခုအပါအဝင်လည်းဖြစ်သည်။ ယင်းလုပ်ပိုင်ခွင့်အာဏာသည် လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်(Com-mission on Human Rights)အားဖြင့် ၂၀၀၁ ခုနှစ်တွင် စတင်သက်ရောက်ပြီး ၂၀၀၆ ခုနှစ်တွင် ယင်း ကော်မရှင်နေရာတွင် အစားထိုး ရပ်တည်ခွင့်ရလာခဲ့သည်။ SRRIP အနေဖြင့် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရသည်။

၁။ ဥပဒေသစ်များ၊ အစိုးရစီမံချက်များ၊ အစိုးရနှင့် ဌာနေတိုင်းရင်းသားများအကြား အပြုသဘောဆောင်သည့် သဘောတူညီချက်များအပါအဝင် အလေ့အကျင့်ကောင်းများကို မြှင့်တင်ဖော်ထုတ်ခြင်းနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့် ပတ်သက်သည့် နိုင်ငံတကာ စံချိန်စံနှုန်းများကို အကောင်အထည်ဖော်ရန်၊

၂။ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို ချိုးဖောက်မှုများမှ ကာကွယ်ပေးရန်နှင့် ကုစားပေးရန်အတွက် သင့်တော်သည့် လုပ်ထုံးလုပ်နည်းများနှင့်သက်ဆိုင်သည့် ထောက်ခံချက်များနှင့် အဆိုပြုချက်များကို ပြုလုပ်ရန်၊

၃။ ကမ္ဘာတစ်ဝှမ်းရှိ ဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေး အခြေအနေများကို အစီရင်ခံရန်၊

၄။ အထောက်အထားနှင့်တကွ ဌာနေတိုင်းရင်းသားအခွင့်အရေးချိုးဖောက်ခံရခြင်းဆိုင်ရာ အမှုတွဲများအတွက် ရင်ဆိုင်ဖြေရှင်းပေးရန် တို့ဖြစ်သည်။

## SRRIP ၏ လုပ်ပိုင်ခွင့် အကောင်အထည်ဖော်ပုံ

အထူးကိုယ်စားလှယ်အနေဖြင့် ဌာနေတိုင်းရင်းသားများ၏ လွတ်လပ်ခွင့်နှင့် အခြေခံကျသည့် အခွင့်အရေးများ၏ အခြေအနေများကို ထောက်ခံချက်ပေးရန်နှင့် အဆိုပြုချက်များ ဖော်ထုတ်ပြုလုပ်ရန်သော်လည်းကောင်း အစီရင်ခံပေးရန်သော်လည်းကောင်း လုပ်ဆောင်ပေးသည်။ ကိုယ်စားလှယ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ ကဏ္ဍ (၄) ခုအတိုင်းဖြစ်သည်။(HRC ဆုံးဖြတ်ချက် ၁၅/၁၄ နှင့် ၂၄/၉)

၁။ (နှစ်စဉ် ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့်ပတ်သက်သည့် မြှင့်တင်လုပ်ဆောင်မှုများနှင့် ကာကွယ်ပြောဆိုပေးမှုများနှင့်သက်ဆိုင်သည့် ကဏ္ဍများ(သို့) လွန်ခဲ့သည့်နှစ်အတွင်း လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများကို လူ့အခွင့်အရေးကောင်စီ(အခါအားလျော်စွာ အထွေထွေညီလာခံအတွက်) သို့ နှစ်ပတ်လည် အစီရင်ခံစာရေးသားတင်သွင်းခြင်း

၂။ (ချိတ်ဆက်လုပ်ဆောင်မှုများအတွက် စာအဝင်လက်ခံခြင်းနှင့် အကြောင်းပြန်ကြားခြင်း



IWGIA

NICFI
Norway's International Climate and Forest Initiative

POINT
Promotion Of Indigenous and Nature Together



၃။ တရားဝင် ကွင်းဆင်းလေ့လာမှုများ အကောင်အထည်ဖော်ခြင်း

၄။ သက်ဆိုင်ရာ နိုင်ငံများသို့ ထောက်ခံချက်များ တင်ပြခြင်းတို့ ဖြစ်ပါသည်။

## ဌာနေတိုင်းရင်းသားကိုယ်စားလှယ်များနှင့် SRRIP ပေါင်းစပ်ညှိနှိုင်းပုံ

လုပ်ထုံးလုပ်နည်းများအရ အထူးလုပ်ပိုင်ခွင့်ရှိသည့် SRRIP တွင် တိုင်ကြားစာလက်ခံသည့် ယန္တရားရှိသည်။ မည်သည့် တစ်ဦးချင်း(သို့) အဖွဲ့အစည်းမဆို တိုင်ကြားနိုင်သည်။ SRRIP အနေဖြင့် တိုင်ကြားလာသည့်အကြောင်းအရာများနှင့် ပတ်သက်သည့် နိုင်ငံများ(သို့) ပူးတွဲအစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းကြီးများ(သို့) စစ်တပ်များဆီသို့ အဆက်အသွယ်ပြုလုပ်ကာ စုံစမ်းရသည်။ ဆက်သွယ်အကြောင်းကြားစာတွင် SRRIP မှလက်ခံရရှိထားသည့် စွပ်စွဲချက်သက်သေများပါဝင်သည်။ တိုင်ကြားစွပ်စွဲချက်များတွင် အောက်ပါအချက်များ ပါဝင်လေ့ရှိသည်။

၁။ အတိတ်မှ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ – တိုင်ကြားစာ၏ ရည်ရွယ်ချက်လည်း ဖြစ်နိုင်သည်။

၂။ ဖြစ်နေဆဲ (သို့) ဖြစ်နိုင်ချေရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ – ချက်ချင်းအရေးယူပေးရန် မေတ္တာရပ်ခံချက်လည်း ဖြစ်နိုင်သည်။

၃။ ဌာနေတိုင်းရင်းသားအခွင့်အရေးများကို ချိုးဖောက်နေသည့် ဥပဒေများနှင့် မူဝါဒများနှင့် ပတ်သက်သည့် စိုးရိမ်မှုများ တို့ဖြစ်သည်။

SRRIPအနေဖြင့် တိုင်ကြားချက်များကို အတည်ပြုပေးရန် အခွင့်အာဏာမရှိသည်မှန်သော်လည်း ဆက်သွယ်အကြောင်းကြားခြင်းအားဖြင့် သက်ဆိုင်ရာပြဿနာအတွက် အရေးပါပြီး သက်ဆိုင်ရာတာဝန်ရှိသူများ သိရှိသွားစေရန် အသိပေးလှုံ့ဆော်နိုင်သည့် တွန်းအားကို ပေါင်းထည့်ပေးနိုင်ပါသည်။ SRRIPမှ ပေးပို့သည့် ဆက်သွယ်အကြောင်းကြားမှုမှ အောက်ပါ အရေးကြီးသည့် ရလဒ်များကို ရရှိစေတတ်သည်။

၁။ စွပ်စွဲတိုင်ကြားခံရသည့် ချိုးဖောက်မှုများနှင့် ပတ်သက်၍ အခြားသော အစိုးရများနှင့် အဖွဲ့အစည်းများ၏ စိတ်ဝင်စားမှုများကို ဆွဲဆောင်ပေးသည်။

၂။ ချိုးဖောက်မှုများ ရပ်တန့်ပေးခြင်း၊ အကာအကွယ်ပေးခြင်း၊ စုံစမ်းစစ်ဆေးခြင်းများ (သို့) ပြန်လည်ကုစားခြင်းများအတွက် မေတ္တာရပ်ခံတောင်းဆိုခြင်း

၃။ လူ့အခွင့်အရေးကော်မရှင်မှ ဆက်သွယ်အကြောင်းကြားခြင်းနှင့် အကြောင်းပြန်ကြားမှုများကို လက်ခံရရှိသည်ဖြစ်ရာ အစီရင်ခံစာများမှတဆင့် တစ်ဦးချင်း(သို့) အုပ်စု၏ အကြောင်းအရာများကို အများပြည်သူသိရှိမှု တိုးတက်လာခြင်း စသည်အကျိုးကျေးဇူးများကို ရရှိစေသည်။

